မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၈ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယခုနှစ်မိုးရာသီတွင် သစ်ပင်သန်းပေါင်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်ကစီမံထား

သတ်မှတ်သစ်ပင်များ အပြည့်အဝစိုက်ပျိုး၊ စိုက်ပျိုးသစ်ပင်များ ရှင်သန်အောင်ဆောင်ရွက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြန်ဆန်စွာ အကျိုးပြုမည့် ရေတိုသုတေသနလုပ်ငန်းများကို ဦးစားပေးဖော်ဆောင်

ပညာရှင်များရှိမှ လက်မှုနိုင်ငံမှ စက်မှုနိုင်ငံသို့ ပြောင်းလဲနိုင်မည်၊ ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးကြိုးပမ်း

ရန်ကုန် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယသမ္မတသည် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများအား တွေ့ဆုံခွင့်ရသဖြင့် ဝမ်းသာပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါအစိုးရအဖွဲ့များနောက်တွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တာဝန်ယူရမှုများလည်း လိုက်ပါလာကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက္ကသိုလ်များ သိပ္ပံသုတေသနဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ သိမ်ဖြူအားကစားခန်းမ၌ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့နှင့် အေရိုးဗစ် အားကစားအဖွဲ့များက အားကစားနည်းအလိုက် စွမ်းရည်များ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၂၈ ရက်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ဝိုင်းဝန်းကူညီပေး

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးသည် ထူးချွန်ထက်မြက်ပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် လူငယ် လူကောင်း၊ လူတော်များ၏ ပခုံးထက်တွင်တည်ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အဆိုပါ လူကောင်း၊ လူတော်များအား ကလေးဘဝမှအစပြု၍ အရည်အချင်းပြည့်ဝသူများဖြစ်ရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနက ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် မိဘပြည်သူများက ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ကျောင်းဖွင့်ချိန်တွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များ အခမဲ့ ဖြန့်ဝေပေးရန်အတွက်လည်း ပညာရေးဝန်ကြီးဌာနက စီစဉ်ထားပြီးဖြစ်သည်။

ကျောင်းသားမိဘများသည် မိမိတို့၏ရင်သွေးများကို သက်ဆိုင်ရာကျောင်းအသီးသီးသို့ သွားရောက်အပ်နှံကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အခြေခံပညာကဏ္ဍ၌ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက်သင်ယူပြီးမြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မိဘများသည် မိမိတို့၏ ရင်သွေးသားသမီးများကို ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးသော သားသမီးအဖြစ် ပေါ်ထွန်းလာစေရန် ဆရာများထံအပ်နှံကာ ပညာရပ်အသီးသီးကို သင်ကြားစေရန် လိုအပ်သည်။ ဆရာ ဆရာမများအပိုင်းကလည်း မျိုးဆက်သစ်လူငယ်များကို ပညာသာမက စိတ်ဓာတ်၊ စည်းကမ်းပိုင်းနှင့် ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်ရန် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ယခုအခါ ကျောင်းအပ်နှံရေးကာလဖြစ်သည့်အလျောက် မိဘများအနေဖြင့် မိမိတို့၏ရင်သွေးငယ်များ စာတတ်မြောက်ပြီး လူကောင်း၊ လူတော်လေးများဖြစ်ရေးအတွက် အချိန်မီ ကျောင်းအပ်နှံကြပြီး ဆရာ၊ ဆရာမများကလည်း ကျောင်းအပ်နှံလာကြသော မိဘများနှင့်ကလေးငယ်များကို နွေးထွေးစွာ ကြိုဆိုရင်း ထူးချွန်သော အနာဂတ်မျိုးဆက်သစ်လေးများ ပေါ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မျိုးသန့်စပါးပုံ့ပိုးငွေနှင့် ဓာတ်မြေဩဇာများ ဖျာပုံမြို့နယ် တောင်သူကြီးများအားပေးအပ်

ဖျာပုံ မေ ၂၇

ဖျာပုံမြို့နယ် ဧရာဝတီစိမ်းလန်းမြေ ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က တောင်သူဦးကြီးများထံသို့ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီအတွက် မျိုးသန့်စပါးပုံ့ပိုးငွေနှင့် ဓာတ်မြေဩဇာပေးအပ်ခြင်းအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ ချမ်းမြေ့စံဉ့်ရိပ်သာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ခရိုင်မန်နေဂျာ ဦးမြင့်အောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်ကြွယ်၊ ဧရာဝတီစိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးအုန်းဟန်တို့က ပြောင်းလဲလာသည့် စိုက်ပျိုးရေးစနစ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီစိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးဘဟိန်းက တောင်သူများသို့ ပံ့ပိုးငွေနှင့် ဓာတ်မြေဩဇာများ ပေးအပ်သည်။ ထိုနေ့က ကျေးရွာအုပ်စု ၃၅ အုပ်စုမှ လယ်သမား ၅၀၀ ကျော်အတွက် ထုတ်ချေးပံ့ပိုးငွေပေါင်းမှာ ကျပ် သိန်း ၃၀၀၀ ခန့် ဖြစ်ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မောင်းလျှင်မတွေးနှင့် မငေးနှင့်

ပရိဘောဂလုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ပရိဘောဂလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ခင်ကိုလတ်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် ASEAN Furniture Industrial Council Working Committee လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် မေ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဘာဘာချိုနှင့် အမှုဆောင်အရာရှိ ဦးထင်ကျော်တို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ (အောက်ပုံ)

အစည်းအဝေးတွင် ASEAN နိုင်ငံများအတွင်း ပရိဘောဂထုတ်လုပ်သော နိုင်ငံများနှင့် နိုင်ငံတကာဈေးကွက် ချဲ့ထွင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တက္ကသိုလ်များ၊ ဈေးနှင့် စိုက်ပျိုးရေးခြံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၂၄ ရက် နံနက် ၁၀ နာရီက စစ်တွေတက္ကသိုလ် ဘက်စုံသုံး သုံးထပ်ပင်မဆောင်ဆောက်လုပ်နေမှု၊ Face 1,2,3 **စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် စစ်တွေကွန်ပျူတာတက္ကသိုလ်သို့ရောက်ရှိပြီး စာသင်ဆောင်များ၊ ဆရာ ဆရာမ၊ ကျောင်းသားအဆောင်များနှင့်** MACHINE ROOM **တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မြို့မဈေးကြီးအတွင်း ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှု၊ ပွဲရုံဈေးဆိုင်၊ သားငါး၊ ဟင်းသီးဟင်းရွက်ဈေးတန်းများနှင့် ဆန်ဈေးတန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကန်တော်ကြီးစိုက်ကွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဇဟိုစိုက်ပျိုးရေးခြံသို့လှောင်ရုံများ၌ မျိုးစပါးများသိုလှောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိတ်မြို့ ကမ်းနားလမ်း ပလက်ဖောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မေ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်စိုက်ထူ

လှိုင်ကော် မေ ၂၇

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လွိုင်ကော်)မှ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မေ ၁၂ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့ နာရီစင်အနီး **မဆင်မခြင်မောင်းနှင်မှု အသက်ပေါင်းများစွာ အန္တရာယ်ပြု** ဆိုင်းဘုတ်စိုက်ထူ၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပရာ ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်စိုး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ရှောင်တခင်စစ်ဆေးပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနဝန်ထမ်းများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ပြည်နယ် ကညန)

JICA အစီအစဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ မီးသတ်ဦးစီးဌာနသို့ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ မီးသတ်ဦးစီးဌာန၌ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် သင်တန်းများတွင် ကယ်ဆယ်ရေးသုံး ပစ္စည်းများကို ပြည့်စုံစွာဖြင့် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်၍ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည် တက်ရောက်သည်။

အခမ်းအနားတွင် JICAမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr.Hideo MIYAMOTO က ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော လေမွေ့ရာ (Safety Air Cushion)၊ မီးခိုးစုပ်စက် (Smoke Ejector)၊ ဖိအားသုံးဖြတ်စက်/ ပြန့်ကားစက်များ (Hydraulic Cutter & Spraders) နှင့် ပါဝါ ယူနစ် (Power Unit)၊ မီးကာဝတ်စုံ (Fireman's Suits) များ အပါအဝင် ပစ္စည်းကိရိယာ ၁၆ မျိုးကို ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် JICA မှ လှူဒါန်းသော ကယ်ဆယ်ရေးသုံး ပစ္စည်းများဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြသခြင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ JICA မှ ပေးအပ်လှူဒါန်းသော ပစ္စည်း ၁၆ မျိုး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၁၂၉၄ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ လှူဒါန်းသော ကယ်ဆယ်ရေးသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

မျိုးချစ်စိတ်ဓာတ်အရင်းခံ ရည်မှန်းချက် အောင်မြင်ရန် လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသက်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူးရုံးနှင့် ပဲခူးနှင့်တောင်ငူခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် နိုင်ငံတော်၏ တံခါးမှူးများဖြစ်သည်နှင့်အညီ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံကာ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေး၊ လာဘ်ယူမှုကင်းရှင်းရေးနှင့် မှန်ကန်မြန်ဆန်စွာ ပြီးစီးရေးတို့အတွက် အချင်းချင်းစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပဲခူးမြို့ ဈေးပိုင်းရပ်ကွက်ရှိ မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် ဥသျှောင်မြို့သစ်ရှိ တိုင်းဦးစီးဌာနမှူးရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း လာရောက်လျှောက်ထားဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် သာယာဝတီမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံး ခန်းမ၌ သာယာဝတီနှင့်ပြည်ခရိုင် အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ လှည်းကူးမြို့ရှိ မြို့နယ်ဦးစီးဌာနမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း လာရောက်လျှောက်ထားဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ **International News**
- ၈:၃၅ ၁၀။ အတီးပြိုင်ပွဲ
- ၈:၄၅ ၁၁။ **Local Talent**
- ၈:၅၀ ၁၂။ **ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ**

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၅။ **Yan Can Cook**
- ၁၂:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၅)
- ၁၃:၄၀ ၇။ **အရက်နှင့်ကျန်းမာရေး** (အပိုင်း-၁)
- ၁၃:၅၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၀၅ ၉။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၁၄:၂၀ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၁၄:၃၅ ၁၁။ **ရှင်နောင်း ကျောင်းရောက်ပြီ**
- ၁၄:၄၅ ၁၂။ သက်တံရောင်သံစဉ်
- ၁၄:၅၅ ၁၃။ **International News**

ညပိုင်း

- ၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော်အသင်းနှင့် ရတနာပုံအသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ အလှူရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ် (ခွန်းဆင့်နေခြည်)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၃)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၁၇)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရုပ်ထွေးဆန်းကြယ်** (အပိုင်း-၉)
- ၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**

ရခိုင်ကမ်းရိုးတန်းဒေသ၌ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မေ ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လပထမသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

နေပြည်တော် မေ ၂၇

ပညာရေးဝန်ကြီးဌာန ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အကြံပြုဆွေးနွေး

အခမ်းအနားတွင် အဆင့်မြင့်ပညာကဏ္ဍ ပြန်လည်ဆွေးနွေးချက်များကို အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာသိမ်းမြင့်ကလည်းကောင်း၊ အခြေခံပညာကဏ္ဍ ပညာရည်မြင့်မားရေး ပြန်လည်ဆွေးနွေးချက်များကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးတင်ညိုက လည်းကောင်း၊ ပညာရှင်များကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ရှင်းလင်း တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြု ဆွေးနွေးမှာကြားပြီး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိတ်ပွဲအခမ်းအနား ကျင်းပ



ပညာရေးဝန်ကြီးဌာန ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အိန္ဒိယတွင် ဖုန်မုန်တိုင်းတိုက်ခတ် သေဆုံးသူ ခုနစ်ဦးရှိ

လက်ချ်နောင်း မေ ၂၇

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ် ပြည်နယ် စီကာပူခရိုင်အတွင်း ဖုန်မုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် **(အပေါ်ပုံ)** ခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ လေးဦးမှာ အမျိုးသမီးများဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၂၇ ရက်က ပြောကြားသည်။

သေဆုံး

မာလီကာပူ၊ ရာစူပူနှင့် ရှက်ဂျာနီ ကျေးရွာများအတွင်း အုတ်နံရံများ ပြိုကျခြင်းနှင့် အမြစ်ကျွတ်ထွက်သည့် သစ်ပင်များပိခြင်းတို့ကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နေရာအတော်များများတွင် ဖုန်မုန်တိုင်းတိုက်ခတ်ခဲ့ခြင်းကြောင့် အပူချိန် ကျဆင်းလျက်ရှိကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

လက်ချ်နောင်းမြို့တွင်း အပူချိန်မှတ်မှာ ၃၇ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်ရှိနေ၍ သာမန်ပျမ်းမျှ အပူချိန်ထက် သုံးမှတ်အထိကျဆင်းနေသည်။

ကြိုတင်ခန့်မှန်း

လာမည့် ၂၄ နာရီအတွင်း မိုးရွာသွန်းမှုများနှင့် လျှပ်စီးမိုးကြိုးများ ဖြစ်ပေါ်နိုင်ပြီး နေရာအချို့တွင် တိမ်ထူထပ်မှုများ ကြုံတွေ့နိုင်ကြောင်း၊ မိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။

(အင်တာနက်)

လန်ဒန်မြို့၌ လျှပ်စစ်မော်တော်ကားများ စတင်အသုံးပြု

လန်ဒန် မေ ၂၇

လန်ဒန်မြို့တွင် လျှပ်စစ်မော်တော်ကားများ စတင်အသုံးပြုနေပြီဖြစ်ကြောင်း**(အောက်ပုံ)** မေ ၂၆ ရက်က အင်တာနက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။ လန်ဒန်မြို့ လျှပ်စစ်မော်တော်ကားအသင်းဝင်များအနေဖြင့် ယင်းတို့၏ မော်တော်ကားများကို ဘက်ထရီအားသွင်းရေးစခန်းများ၌ အားသွင်းနိုင်ရန် စီစဉ်ထားသည်။

ယင်းသို့ ဘက်ထရီအားသွင်းမှုအတွက် အစိုးရသို့ နှစ်စဉ်ကြေးအဖြစ် တစ်နှစ်လျှင် ကားတစ်စီးအတွက် ပေါင် ၁၀၀ ပေးရမည်ဖြစ်ကြောင်း သိရသည်။

စီစဉ်ထား

လန်ဒန်မြို့တော်တစ်ဝန်း ဘက်ထရီအားသွင်းရေးစခန်း ၇၅၀၀ လျာထားသည့်အနက် ၁၃၀၀ ခန့်ကို ၂၀၁၃ ခုနှစ်ကုန်တွင် အပြီးတပ်ဆင်သွားရန် စီစဉ်ထားကြောင်း လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်က ယခုနှစ်ဆန်းပိုင်းတွင် ပြောကြားခဲ့သည်။

လန်ဒန်မြို့တော်၌ မှတ်ပုံတင်ထားသော လျှပ်စစ်မော်တော်ကားများသာ အဆိုပါအားသွင်းရေးစခန်းများ၌ အားသွင်းခွင့်ရမည်ဟုဆိုသည်။

လန်ဒန်မြို့၌ လျှပ်စစ်မော်တော်ကားများ အသုံးပြုရေးအစီအစဉ်ကို လွန်ခဲ့သောသုံးနှစ်က စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပြီး ယခုအခါ မှတ်ပုံတင်ထားသော လျှပ်စစ်မော်တော်ကား ၂၁၀၀ ကျော်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ အရှေ့အလယ်ပိုင်း၌ ငလျင်လှုပ်

ဂျကာတာ မေ ၂၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့အလယ်ပိုင်းတွင် မေ ၂၆ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဘူမိတိုင်းတာရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဂျကာတာ စံတော်ချိန် ညနေ ၃ နာရီ ၅၇ မိနစ်တွင် အရှေ့နုဆာတန်ဂါရာပြည် အရှေ့မြောက်ဘက်အစွန်း ၄၆ကီလိုမီတာအကွာတွင် မြေအောက်အနက် ၂၉ ကီလိုမီတာ၌ ငလျင်ဗဟိုပြုလှုပ်ခဲ့ကြောင်း ယင်းအေဂျင်စီက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယီမင်မြို့တော်၌ လက်နက်သိုလှောင်ရုံပေါက်ကွဲ

ဆာနား(ယီမင်) မေ ၂၇

ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလက်က အတိုက်အခံလူမျိုးစုခေါင်းဆောင်ကို ဖမ်းဆီးရန် အမိန့်ထုတ်ပြန်လိုက်ချိန်တွင် မြို့တော်ဆာနား၌ လက်နက်သိုလှောင်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ (ဝဲပုံ) အနည်းဆုံး ၂၈ ဦး သေဆုံးခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါလက်နက်သိုလှောင်ရုံမှာ လူမျိုးစုခေါင်းဆောင် ဆာဒစ်အယ်လ်အာမာပိုင်ဆိုင်သော လက်နက်သိုလှောင်ရုံဖြစ်ပြီး လက်နက်သိုလှောင်ရုံတွင် အလုပ်လုပ်နေသူ ၂၈ ဦးမှာ ပေါက်ကွဲမှုဖြစ်စဉ် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာန အွန်လိုင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းလက်နက်သိုလှောင်ရုံတွင် အာပီဂျီနှင့် ဒုံးကျည်လက်နက် အမျိုးမျိုး သိမ်းဆည်းသိုလှောင်ထားကြောင်း၊ လက်နက်ကြီး၊ လက်နက်ငယ်အများအပြား သိုလှောင်ထားကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ဖူကူရှီးမားဒိုင်အီချီနျူကလီးယားစက်ရုံအနီး ဓာတ်အားပေးဌာနမီးလောင်မှုဖြစ်ပွား

တိုကျို မေ ၂၇

ငလျင်နှင့်ဆူနာမီဒဏ်ခံခဲ့ရသော ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အီချီ နျူကလီးယားစက်ရုံအနီးရှိ နျူကလီးယားဓာတ်အားပေးဌာန အဆောက်အအုံတွင် မေ ၂၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

မီးလောင်ခဲ့

ဖြစ်ပွားမှုမှာ ဖူကူရှီးမားဒိုင်အီချီနျူကလီးယားစက်ရုံ အမှတ်(၁) ဓာတ်ပေါင်းဖိုနှင့် ဆက်စပ်ထားသည့် မြေအောက်ဓာတ်အားပေးခန်းမှ စတင်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း အမ်ဘက်တယ်လ် တိုကျိုအီလက်ထရစ်ပါဝါကုမ္ပဏီမှတာဝန်ရှိသူများက ပြောကြားသည်။ (ဝဲပုံ)

ထိုသို့ဖြစ်ပွားမှုတွင် ဓာတ်အားဖြန့်ဖြူးပေးသည့်နေရာမှ စတင်မီးလောင်ခဲ့ခြင်းဖြစ်ပြီး ယင်းစက်ရုံအလုပ်သမားများက ဝိုင်းဝန်းမီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ မီးလောင်မှုကြောင့် ရေဒီယိုသတ္တိကြွရောင်ခြည်များဖြာထွက်မှုနှင့် ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ ဖူကူရှီးမားဒိုင်အီချီနျူကလီးယားစက်ရုံနှင့် ယခုမီးလောင်မှုဖြစ်ပွားသည့် နျူကလီးယားဓာတ်အားပေးဌာနသည် ၁၀ ကီလိုမီတာခန့်သာ ကွာဝေးကြောင်း သိရှိရသည်။ *(အင်တာနက်)*

ဟေတီနိုင်ငံ၌ မြေပြို၊ ကလေးသုံးဦးသေဆုံး

ပို့အော်ပရင့် မေ ၂၇

ဟေတီနိုင်ငံမြောက်ပိုင်း ကတ်ဟေတီရန်မြို့တွင် မေ ၂၆ ရက်က မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွားသဖြင့် ကလေးငယ်သုံးဦးသေဆုံးခဲ့ကြောင်း ဟေတီအရာရှိများက မေ ၂၇ ရက်၌ ပြောကြားသည်။ ***(အောက်ပုံ)***

ဒဏ်ရာရရှိ

အဆိုပါ ကလေးငယ်များမှာ အသက် ခြောက်နှစ်မှ ၁၄ နှစ်အကြား အရွယ်များဖြစ်ကြပြီး မိသားစုတစ်ခုတည်းမှဖြစ်ကာ ၎င်းတို့၏ မိခင်ဖြစ်သူမှာလည်း မြေပြိုမှုကြောင့် ဒဏ်ရာရရှိခဲ့သည်။

ဟေတီနိုင်ငံတွင် သီတင်းတစ်ပတ်ကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိသည်။

ထုတ်ပြန်ထား

အထူးသဖြင့် တောင်ကုန်းဒေသများတွင် မြေပြိုမှုများဖြစ်ပွားနိုင်သဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်းသိရသည်။

(အင်တာနက်)

ချီကာဂိုမြို့မြေအောက်မှဓာတ်ငွေ့ယိုစိမ့်၊ ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့် ဆရာနှစ်ဦး ဆေးရုံပို့ခဲ့ရ

ချီကာဂို မေ ၂၇

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တောင်ပိုင်း မူလတန်းကျောင်းတစ်ကျောင်းအနီး မြေအောက်မှဓာတ်ငွေ့များ ယိုစိမ့်ထွက်ရှိမှုကြောင့် ကျောင်းသားကျောင်းသူ ၁၃ဦးနှင့်ကျောင်းဆရာနှစ်ဦးတို့အား ဆေးရုံသို့တင်ပို့လိုက်ရကြောင်း ချီကာဂိုမြို့ ထရီဗြူနေးသတင်းစာက မေ ၂၇ရက်၌ဖော်ပြသည်။

ဖြစ်ပွားမှုမှာ မေ ၂၆ရက် နံနက် ၉နာရီခန့်က လင်ကွန်းမူလတန်းကျောင်းအနီးမြောက်ဘက်တွင် မြေအောက်မှဓာတ်ငွေ့များ ထွက်ရှိလာရာမှ ရှူရှိုက်မိသော ကျောင်းဆရာနှစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၃ဦးတို့မူးဝေသောဝေဒနာများခံစားရသဖြင့် ဆေးရုံသို့အမြန်တင်ပို့ခဲ့ရခြင်းဖြစ်သည်ဟု နီကော်သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးကုမ္ပဏီမှပြောရေးဆိုခွင့်ရှိသူ အန်နက်တီမာတီနက်ဇ်က ပြောကြားသည်။

ရွှေ့ပြောင်းပေးခဲ့ရ

ဓာတ်ငွေ့များ မြေအောက်မှ ယိုစိမ့်ထွက်ရှိနေမှုကို မေ ၂၆ ရက် မွန်းလွဲပိုင်း၌ ကုမ္ပဏီအလုပ်သမားများက ပိတ်ဆို့နိုင်ခဲ့သည်။ အဆိုပါမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၁၅ ဦးကိုလည်း ဘေးကင်းရာသို့အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ ***(အင်တာနက်)***

28-5 (04).pmd 1 5/28/2011, 3:00 AM



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းနိုင်ငံ Gunkul Public Group မှ Chairman of Board of Directors Mr.Ekaporn Rakkwamsuk နှင့်အဖွဲ့သည် မေ ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်ပြီး အမျိုးသားအလွတ်တန်း၊ အမျိုးသား လူသစ်တန်းနှင့်အမျိုးသမီး အလွတ်တန်းများ၌နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ ဇွန် ၂၂ရက် နောက်ဆုံးထား၍ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ သုဝဏ္ဏ ဖုန်း-၅၇၇၄၆၀ သို့ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းရှင်းလင်း

မေ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် တပ်ကြီးကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုကိုနှင့် ကျေးလက်ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ရေစီးရေလာ ကောင်းမွန်ရေးအတွက်စက်လမ်းရှိ ရေမြောင်းအတွင်း အမှိုက်များ စုပေါင်းရှင်းလင်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးဆိုင်းဘုတ်စိုက်ထူ

ပခုက္ကူ မေ ၂၇

"ကျောင်းနေအရွယ် ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး" ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၂ ရက် ညနေ ၅ နာရီက ပခုက္ကူမြို့ မြို့မလမ်းရှိ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ လက်ထောက်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် မိဘပြည်သူများက ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်အား စိုက်ထူပေးကြပြီး ဆိုင်းဘုတ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဖြူဖြူဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၀၂)**

အင်ဂျင်နီယာဒီပလိုမာ သင်တန်းများဖွင့်မည်

ရန်ကုန် မေ ၂၇

အင်ဂျင်နီယာ ဒီပလိုမာတန်းခွဲသစ်များကို ဂလိုရီသင်တန်းကျောင်းမှ တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါ တန်းခွဲသစ်များသည် သင်တန်းကာလ ခြောက်လမှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

*အထူးအစီအစဉ်တစ်ရပ်အဖြစ် ဥရောပနိုင်ငံများတွင် အလုပ်လုပ်၊ ကျောင်းတက်လိုသူများအတွက် **Europass Certificate** ကို **Glory** မှ အခမဲ့ ရယူပေးမည်ဖြစ်ပြီး **Level (2), (3)** သင်တန်းများကို တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ကာ **Level (5)** သင်တန်းများကို ပြည်တွင်း၊ ပြည်ပမှ အင်ဂျင်နီယာ ဒီပလိုမာတစ်ခုခု ရရှိထားသူများ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း သိရသည်။ ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များမှာ **Electronic, Electrical, Mechatronic, Mechanical, Mechanical and Electrical, Construction(Civil),Telecommunication, Refrigeration and Airconditioning, Electrical Installation** တို့ဖြစ်ကာ အင်ဂျင်နီယာဘာသာရပ်အခြေခံမရှိသူများအတွက် **Foundation Course**ကို အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး အဆိုပါ သင်တန်းတွင် **Basic Hand Drawing, Technical English, Safety** ဘာသာရပ်များ ပါဝင်ကြောင်းနှင့် စိတ်ပါဝင်စားသူများအတွက် ၁၂၅-ဘီ ပထမထပ် ၃၈ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း- ၀၁-၃၇၃၄၃၁၊ ၀၉-၇၃၁၂၁၇၁၇၊ ၀၉-၅၁၉၇၈၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။* *(မြန်မာ့အလင်း)*

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့မိသားစုဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပွဲကို မေ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်မင်းက ကျောင်းသားတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (၀၄၃)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ဘာသာပြန်သည်

ဖိလစ်ပိုင်၌ ဆောင်ဒါမုန်တိုင်းကြောင့် နှစ်ဦး သေဆုံးခဲ့

မနီလာ မေ ၂၇

ဖိလစ်ပိုင်နိုင်ငံမှ တိုင်ဖွန်းမုန်တိုင်း ဆောင်ဒါထွက်ခွာသွားပြီးနောက် လူနှစ်ဦးသေဆုံးမှုရှိခဲ့ကြောင်း၊ ကောက်ပဲသီးနှံများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် မေ ၂၇ ရက်က ဖော်ပြသည်။

သေဆုံး

အသက် ၇၀ အရွယ်ရှိသူတစ်ဦးနှင့် ၂၇ နှစ်အရွယ်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားသဘာဝဘေးဆိုင်ရာဌာနမှ တာဝန်ရှိသူ အန်နီကိုရာမို့စ်က ပြောကြားသည်။

ဆုံးရှုံးမှု

ဆောင်ဒါမုန်တိုင်းကြောင့် ဆုံးရှုံးမှုတန်ဖိုးသည် ပီဆို ၁၁ ဒသမ ၄၆ သန်း(အမေရိကန်ဒေါ်လာ ၂၆၃၄၄၈)အထိရှိခဲ့သည်။

နိုင်ငံ၏တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင်နေထိုင်သည့် မိသားစု ၆၇၅၁၄ စုမှာ ဆောင်ဒါမုန်တိုင်း၏ဒဏ်ကိုခံခဲ့ရကြောင်း ရာမို့စ်ကပင် ပြောကြားသည်။

ပြောကြား

ဒေသစံတော်ချိန် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဆောင်ဒါမုန်တိုင်းသည် မြောက်ဘက်သို့ ဦးတည်ရွေ့လျားသွားခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက ပြောကြားသည်။ *(အင်တာနက်)*

ရုရှားတွင် ယာဉ်တိုက်မှုဖြစ်ပွား၊ ၁၁ ဦး သေဆုံး

မော်စကို မေ ၂၇

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ မီးပွိုင့်တစ်ခုတွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွား၍ ၁၁ ဦး သေဆုံးခဲ့ကြောင်း အရေးပေါ်အကူအညီပေးရေးဝန်ကြီးဌာနက ပြောကြားသည်။

မေ ၂၇ ရက် နံနက်ပိုင်းက ခရီးသည် ၂၁ ဦးနှင့် ယာဉ်မောင်းနှစ်ဦးတို့ပါရှိသည့် ခရီးသည်တင်ဘတ်စ်ကားနှင့် ထရပ်ကားတစ်စီးတို့တိုက်မိပြီး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆေးရုံသို့ပို့ဆောင်ထားသူ အနည်းဆုံးလေးဦးရှိကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြထားသည်။

ဖော်ပြ

မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ကနဦးစုံစမ်းမှုများအရ ဖော်ထုတ်နိုင်ပြီး ခရီးသည်တင်ဘတ်စ်ကားမှာ ပုဂ္ဂလိကပိုင် ဘတ်စ်ကားတစ်စီးဖြစ်ကြောင်း အင်တာဖက်စ်သတင်းက ဖော်ပြသည်။ ***(အင်တာနက်)***

မာဖီးယားခေါင်းဆောင် ဝရမ်းပြေးအကွီလာအား ဖမ်းဆီးရမိ

နာပလီ မေ ၂၇

အီတလီနိုင်ငံ၏ မာဖီးယားဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဝရမ်းပြေး ဂျာစီပေဒဲလ်အကွီလာသည် ကိုးနှစ်ကြာ တိမ်းရှောင်ပြေးလွှားနေရာမှ ဖမ်းဆီးခံလိုက်ရပြီဖြစ်ကြောင်း မေ ၂၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ *(အပေါ်ပုံ)*

ရှာတွေ့ခဲ့

အကွီလာကို နာပလီအနောက်မြောက်ပိုင်း ကီလိုမီတာ ၃၀ ခန့်အကွာရှိ ဖာကာတာဂို တောနယ်တွင် အခိုင်အမာစခန်းပြုကာနေထိုင်စဉ် ရှာတွေ့ခဲ့ခြင်းဖြစ်ကြောင်း ရဲဌာနကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဝရမ်းပြေးကြီး အကွီလာကို လက်နက်များ လက်ဝယ်ရှိခြင်း၊ မာဖီးယားဂိုဏ်းဖွဲ့ထားခြင်းများဖြင့် သံသယရှိထားပြီး ၄၄ ဦးစီးသည့်အဖွဲ့သည် နာပလီနှင့်ရောမအကြား ကမ်းခြေတစ်လျှောက်တွင် လှုပ်ရှားနေကြောင်းလည်း သိရသည်။

လွတ်မြောက်

၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်းကလည်း အကွီလာကို ဖမ်းဆီးခဲ့ရာတွင် သီသီလေးလွတ်မြောက်ထွက်ပြေးသွားခဲ့သည်။ ထိုစဉ်က နာပလီပင်လယ်ကွေ့အတွင်း အကွီလာသည် ဇိမ်ခံရွက်လှေပေါ်၌ရှိနေစဉ် ရဲများဝင်ရောက်စီးနင်းရာ ပင်လယ်တွင်းခုန်ချ၍ ရေကူးလွတ်မြောက်သွားခဲ့သည်။ *(အင်တာနက်)*

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော်　မေ ၂၇

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကင်မ်ပေးယွန်သည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ချစ်ကြည်ရေး အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ် ယှဉ်ပြိုင်ရေး၊ နည်းစနစ်များ ဖလှယ်ရေး၊ အားကစားအဖွဲ့အချင်းချင်း ပူးတွဲလေ့ကျင့်ရေးများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားလမ်းတာပေါင်များ မပျက်စီးအောင် ထိန်းသိမ်း ဘူတာရုံများ အမြန်ပြီးစီးရေးဆောင်ရွက်

နေပြည်တော်　မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၄ရက် နံနက် ၉ နာရီ ၁၀မိနစ်က မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး သတ်မှတ်ကာလအချိန်မီပြီးစီးရေး၊ ရထားလမ်း တာပေါင်များကို ပျက်စီးမှုမရှိအောင် စနစ်တကျထိန်းသိမ်းရေး၊ ဘူတာရုံများအား အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူတို့အား မှာကြားခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ စပေါင်းလယ်ယာကုန်ထုတ်အသင်း မိုးစပါး စပေါင်းထွန်ယက်ပွဲကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** အိမ်မဲမြို့ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာသို့ရောက်ရှိကာ ဘိုးဘွားရိပ်သာ ရာသက်ပန်ငွေပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းနှင့်ဘိုးဘွားများအား အလှူငွေများ ပေးအပ်ခဲ့သည်။

<u>လှည့်လည်ကြည့်ရှု</u>

ယင်းနောက် မွန်းလွဲပိုင်းတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးစရိတ်နှင့် မျိုးစပါးအချိန်မီဖြန့်ဖြူးပေးမည် လုပ်ငန်းများအချိန်မီပြီးစီးရေး ကြိုးပမ်း

နေပြည်တော်　မေ ၂၇

ဂီရိမုန်တိုင်းဒဏ်သင့် ဒေသများဖြစ်သည့် ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် အမ်းမြို့နယ်တို့၌ ပျက်စီးခဲ့သော လယ်မြေများကိုပြုပြင်ပြီး စိုက်ပျိုးစရိတ်ငွေနှင့် မျိုးစပါး အလုံအလောက် အချိန်မီဖြန့်ဖြူးသွားမည် ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တာတမံနှင့် ရေတားကာရီများ အမြန်ဆုံးပြုပြင်နိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က မေ ၂၁ ရက် နံနက် ၁၀ နာရီက ပေါက်တောမြို့နယ် ၄/ပြီတက်ကျေးရွာ၌ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဒေသခံတောင်သူလယ်သမားများအား မျိုးစပါးများကို ပေးအပ်ခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျောက်တောင်ကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများအား မျိုးစပါးများ ပေးအပ်ခဲ့ပြီးနောက် ကျောက်တောင် တိုက်နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာ၌ တောင်သူလယ်သမားများအား မျိုးစပါးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မကွေးမြို့၌ ပြိုင်ပွဲများကျင်းပ

မကွေး　မေ ၂၇

၂၀၁၁ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ပိုစတာ ခရိုင်အဆင့်ပြိုင်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာခန်းမနှင့် ပန်းဟောဝန်ခန်းမတို့၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မကွေးခရိုင်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၅၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲသို့ ခရိုင်အဆင့် ပြိုင်ပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး သိန်းဝင်းနှင့်အဖွဲ့ဝင်များ လာရောက်ကြပ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဝက်ရောဂါအကြောင်း ပညာပေးဟောပြော

ရန်ကုန်　မေ ၂၇

ဝက်များတွင် ဖြစ်ပွားတတ်သောရောဂါများနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲကို တွံတေးမြို့ ကွမ်းခြံရပ်ကွက် ဓမ္မာရုံ၌ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်၊ သစ်တောနှင့်သားငါးဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ စိုးဝင်းနှင့် တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တွံတေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာအေးသဉ္ဇာခိုင်က ဝက်ရောဂါများနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်ရေးဆိုင်ရာများကို ပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်တက္ကသိုလ် သတ္တဗေဒဌာန ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပုသိမ်မြို့နေ ဦးဖေသွင်လှ၊ ဦးခင်မောင်ညွှန့်၊ ဆရာဦးသန်းထွန်းနှင့် ကျောင်းသားဟောင်းများက မေ ၂၂ ရက်တွင် ငွေကျပ် ၁၈ သိန်း မတည်လှူဒါန်းရာ ဒေါက်တာအောင်သန်းနှင့် ဆရာဓောစတီဗင်(သတ္တဗေဒ)တို့က လက်ခံစဉ်။ (၀၇၇)

ကံမမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မေ ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

လမ်းမကြီးမှ ယာဉ်ကို ဦးစားပေးပါ

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၈-၅-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မောရသုတ်+ဝဋ္ဋသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (စကားကိုကောင်းစွာပြောဆိုအပ်၏)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း (၄၂)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင် ခိုကလေးကူလူ)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ **(တောင်ဇလပ်အိုရဲ့မေတ္တာ)** တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ရိုးရာမပျက်တဲ့မိုးဇာပြော)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက်
၁၆း၁၀	ညနေခင်းတေးပဒေသာ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၅	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ခေတ်မရွေးသောတေးများ
၁၈း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၀	တေးပဒေသာ
၁၉း၁၅	ရေဒီယိုအတိုတ်တေးအရိပ်
၁၉း၃၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ (သူငယ်နာကျုဗဟုံးရောဂါနှင့် တိုင်းရင်းဆေး) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၂၀း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀	Radio Internet
၂၁း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ပို့ဆောင်နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၂၇

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြကာ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီး မန္တလေးတောင်ပေါ်မှ မန္တလေးမြို့၏ နေဝင်ဆည်းဆာနှင့် ရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် နှင့်ဇနီးတို့က ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ဟဲဟိုးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး စစ်ဦးစီးတက္ကသိုလ်ကို သွားရောက်လေ့လာကြသည်။ ညပိုင်းတွင် တောင်ကြီးမြို့၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့် ဇနီးတို့က ကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မေ ၂၆ ရက် နံနက်ပိုင်းတွင် အင်းလေးကန်ကို သွားရောက်ကြည့်ရှုလေ့လာပြီး ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြကာ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခြင်းချ အလေးပြုကြသည်။

ယင်းနောက် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့် ဇနီးတို့သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် စပါးရားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန္နီဂျာမေဗလီ ဝတ်ကျောင်းတော်၌ဝတ်ပြု၍ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာရေးနည်း လမ်းညွှန်သင်တန်းဖွင့်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာ အလှူလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်း လမ်းညွှန်သင်တန်း အမှတ်စဉ်(၂/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

လက်ခံ

ယင်းနောက် တောင်ကိုးလုံးကုမ္ပဏီမှ ဦးခင်မောင်သက်နှင့် ဒေါ်တင်တင်မြမိသားစုက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းနှင့် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲအတွက် ငွေကျပ် ငါးသိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)နှင့် ဒေါ်သိန်းဆိုင် (မမြတ်လေး) မိသားစုက စာရေးဆရာ အလှူလုပ်ငန်း ကော်မတီအတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)နှင့် ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ) တို့က လက်ခံကြသည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ငါနဲ့မလေးပွဲသွားပြီဇာတ်ကား ဆက်လက်အောင်ပွဲခံ ယခုသီတင်းပတ် ဇာတ်ကားသစ်များရုံမဝင်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၂၇

ယခုသီတင်းပတ် မေ ၂၇ ရက်(သောကြာနေ့)တွင် နိုင်ငံခြားနှင့် မြန်မာဇာတ်ကားသစ်များ ရုံမဝင်လာဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။

*သမ္မတ၊ သွင်၊ မင်္ဂလာရုပ်ရှင်ရုံများတွင် လူငယ်ဒါရိုက်တာ ဇာတ်ပုံ အဏ်ထော်ဏီ (မော်လမြိုင်) ရိုက်ကူးထားသည့် **ငါနဲ့မလေးပွဲသွားပြီ** ဟာသဇာတ်မြူးကား ဆက်လက်ရုံတင်ပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် မင်းမော်ကွန်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်၊ Jenny နှင့် ပွင့်တို့က လူငယ်ဘဝ ချစ်ရေး၊ ကြိုက်ရေးအတွက် ပိုးကြပန်းကြပုံ၊ စည်းကမ်းစနစ်ကြီးမားသည့် ကုမ္ပဏီပိုင်ရှင်ကြီး၏ သမီးပျိုနှစ်ဦးအား နည်းလမ်းမျိုးစုံဖြင့် ချဉ်းကပ်ကာ အစွံထုတ်ကြပုံများကို ရိုက်ကူးတင်ဆက်ထားပြီး ဇာတ်ဝင်ခန်းများမှာ မေတ္တာ၊ မော့စ်၊ မိုးဒီ၊ ဇင်မျိုး၊ ညီဂျော်၊ ငြိမ်းချမ်းနှင့် ဝက်မတို့လို ဟာသသရုပ်ဆောင်များကြောင့် ပရိသတ်များအားပါးတရ ရယ်မောရွှင်လန်းသွားစေမည့်ဇာတ်ကားဖြစ်သည်။*

ဆက်လက်ပြသ

*ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ D.J. CARUSO ရိုက်ကူးသည့် **I AM NUMBER FOUR** ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ သူငယ်ချင်းသုံးဦး သေဆုံးသွားသော်လည်း တစ်ဦးတည်း ကျန်ရစ်သည့် လူငယ်တစ်ဦးက ရန်သူများကို လိုက်လံချေမှုန်းသောဇာတ်လမ်းဖြစ်ရာ ရင်တထိတ်ထိတ်ကြည့်ရှုရမည့်ဇာတ်ကားဖြစ်သည်။ နေပြည်တော်ရုံတွင်မူ ဒါရိုက်တာ KENNETH BRANGH ရိုက်ကူးသည့် **THOR** ဇာတ်ကားဆက်လက်ပြသနေပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။* ***(မြန်မာ့အလင်း)***

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် မေ ၂၃ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးကြည်ဝင်း၊ ကြက်ခြေနီတာဝန်ခံ ဦးရဲလွင်နှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုဦးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၂ဝ)

ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးလက်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို မေ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေရရှိရေး ဆောင်ရွက်ထားရှိမှုကို မေ ၁၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သိန်း၊ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့ စည်ပင်သာယာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မင်းကင်းမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို မေ ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

○ *ရှေ့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် မိမိဒေသအတွင်း ရေးရာ ကိစ္စအဝဝကို အနီးကပ်တွေ့မြင်နေရသည့် အစိုးရအဖွဲ့များဖြစ်ပြီး ဒေသ၏ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်အဖွဲ့များ ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေများပြားသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ပြည်ပနှင့် ဆက်ဆံမှုလည်းများပြားသည့် ဒေသကြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိထိရောက်ရောက်

ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်း စည်းဝေးတိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်တို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုတိုင်းကို တာဝန်ယူရမှာလည်း ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြရန်လည်း လိုကြောင်း။

အပြည့်အဝစိုက်ပျိုး

ယခုနှစ် မိုးရာသီတွင် သစ်ပင်သန်းပေါင်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်က စီမံထားရာ ရန်ကုန်တိုင်းဒေသကြီးကလည်း သတ်မှတ်ထားသည့် သစ်ပင်များကို အပြည့်အဝ စိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့် သစ်ပင်များ ရှင်သန်အောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ အခြားမြို့ကြီးများက စံနမူနာယူရသည့် သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့ဖြစ်အောင် အားလုံး ဆက်လက်ဝိုင်းဝန်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သစ်ပင်စုစုပေါင်း သန်း ၃၀ စိုက်ပျိုးနိုင်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနက စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရေးကာလတွင် သစ်တောရေးရာဝန်ကြီးဌာန၏ ပျိုးပင် ၁၂ သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပျိုးပင် သုံးသိန်း စုစုပေါင်း ပျိုးပင် ၁၅ သိန်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံခြင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ကြပြီး ဝိဇ္ဇာခန်းမရှိ နိုင်ငံအကျိုးပြု သုတေသနများပြခန်း၌ ခင်းကျင်းစီစဉ်ပြသထားသည့် နာနိုနည်းပညာ သုတေသနများ၊ သိပ္ပံသုတေသနများ၊ ဆေးဖက်ဝင်အပင် သုတေသနများ၊ ထုတ်ကုန်လုပ်ငန်း သုတေသနများ၊ ဘူမိဗေဒသုတေသနများကို ကြည့်ရှုစစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စနစ်တကျ

ထို့နောက် ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်းပြီး နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ Conference Room ၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီး ဦးဘရွှေက ရန်ကုန်တက္ကသိုလ်မှ ဘွဲ့လွန်၊ မဟာနှင့် ပါရဂူဘွဲ့သင်တန်း ဖွင့်လှစ်သင်ကြားနေမှုများနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ရန်ကုန်တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စများ၊ သုတေသနဆောင်ရွက်ချက်များနှင့်ရလဒ်များ၊ ရန်ကုန်တက္ကသိုလ်ရှိအဆောင်များနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ချက်များ၊ တက္ကသိုလ်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဦးစားပေးဆောင်ရွက်

ယင်းနောက် ဒုတိယသမ္မတက **သုတေသနပြခန်းများနှင့် သုတေသနဆောင်ရွက်ချက်များကို လေ့လာသိရှိရသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း၊ ရေတိုရေရှည် သုတေသနလုပ်ငန်းများအနက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြန်ဆန်စွာ အကျိုးပြုမည့် ရေတိုသုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားသင့်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသည့် ပညာရှင်များ လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ မြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရန် ဖြစ်ကြောင်း၊ ပညာရှင်များရှိမှ လက်မှုနိုင်ငံမှ စက်မှုနိုင်ငံသို့ ပြောင်းလဲနိုင်မှာဖြစ်ကြောင်း** မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက္ကသိုလ်များ သိပ္ပံသုတေသနဌာနသို့ သွားရောက်ပြီး Electron Microscopy Lab နှင့် Atomic Absorption Spectro Scopy တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့ဆောင်ရွက်

ထိုမှတစ်ဆင့် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သို့ သွားရောက်ရာ သီးသန့်ဧည့်ခန်းဆောင်၌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပရိသတ် နှစ်သောင်းဆံ့သည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်း၏ လက်ရှိအနေအထား၊ ထပ်မံ၍ ပရိသတ် ၁၅၀၀၀ ပိုမိုဆံ့ရန် တိုးချဲ့ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အားကစားကွင်း တိုးချဲ့ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပံ့ပိုးသည့် Gold Project များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အန္တရာယ်ကင်းရှင်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပရိသတ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခ… Conference Room ၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများအ…

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခ… ဝိဇ္ဇာခန်းမရှိ နိုင်ငံအကျိုးပြု သုတေသနများ… စဉ်။

များ အန္တရာယ်ကင်းရှင်းစွာ ကြည့်ရှုအားပေးနိုင်… ဆောက်လုပ်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်မျ… လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း… ကိုလည်းကောင်း၊ အရှေ့ဘက်တန်းပွဲကြည့်စင်… လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြ…

ထိုမှတစ်ဆင့် သိမ်ဖြူအားကစားခန်းမသို့… ရေးမှူးချုပ်က သိမ်ဖြူအားကစားခန်းမ တ… များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သရုပ်ပြသ

ထို့နောက် အားကစားအဖွဲ့များက သ… ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့နှင့်… များက ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား… စွမ်းရည်များကို သရုပ်ပြသကြသည်။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်တက္ကသိုလ် Conference Room၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမရှိ နိုင်ငံအကျိုးပြု သုတေသနများပြခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

များ အန္တရာယ်ကင်းရှင်းစွာ ကြည့်ရှုအားပေးနိုင်သည့် ဘောလုံးကွင်းဖြစ်ရေး ဆောက်လုပ်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၏ ကွင်းအနေအထားများကိုလည်းကောင်း၊ အရှေ့ဘက်တန်းပွဲကြည့်စင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် သိမ်ဖြူအားကစားခန်းမသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ်က သိမ်ဖြူအားကစားခန်းမ တည်ဆောက်ထားရှိမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သရုပ်ပြသ

ထို့နောက် အားကစားအဖွဲ့များက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ လက်ဝှေ့နှင့် အေရိုးဗစ်အားကစားအဖွဲ့များက ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား အားကစားနည်းအလိုက် စွမ်းရည်များကို သရုပ်ပြသကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥရုချောင်းကို အလှဆင်၊ ဖားကန့်တစ်ခွင် စိမ်းလန်းသာယာလှပစေမည်

ရှိန်းမြဆွေ

ကျောက်မျက်ရတနာဆိုသည်မှာ လှပခြင်း (Beauty)၊ တာရှည်ခံနိုင်ခြင်း (Durability)၊ ရှားပါးခြင်း(Rarity)၊ နှစ်လိုဖွယ်ရှိခြင်း(Desirable)နှင့် ပြည့်စုံမှသာ ကျောက်မျက်ရတနာဟု ဆိုကြပါသည်။ ကျောက်စိမ်းသည် ပတ္တမြား၊ နီလာ၊ စိန်တို့နှင့် တစ်တန်းစားတည်း သတ်မှတ်ထားသော ကျောက်မျက်ရတနာဖြစ်ပါသည်။ ကျောက်စိမ်းတွင် ဂျေဒိုက် (Jadeite Jade) နှင့် နက်ဖရိုက် (Nephrite Jade) ဟူ၍ နှစ်မျိုးရှိပြီး ကျောက်စိမ်းနှင့် ဆင်တူယိုးမှား အစိမ်းရောင်ရှိသော ကျောက်ရှစ်မျိုးခန့်ရှိပါသည်။ ဂျေဒိုက် (Jadeite Jade) ကျောက်စိမ်းသည် အမျိုးအစားကောင်းမွန်သဖြင့် ရှားပါးသော တော်ဝင်အရည်ကျောက်များ ရရှိနိုင်ပြီး နက်ဖရိုက်(Nephrite Jade) ကျောက်စိမ်းမှာ အရည်အသွေးအမျိုးအစား ညံ့သော ကျောက်စိမ်းဖြစ်ပါသည်။

ဖားကန့်ရတနာနယ်မြေသည် ကမ္ဘာကျော် ကျောက်စိမ်းရတနာများ ထွက်ရှိရာဒေသဖြစ်ပါသည်။ ဖားကန့်ရတနာနယ်မြေမှ ထွက်ရှိသော ကျောက်စိမ်းမှာ Jadeite Jade အမျိုးအစားဖြစ်ပြီး Jadeite Jade သည် ကမ္ဘာပေါ်၌ မြန်မာ၊ ဂျပန်၊ အမေရိကန်၊ ရုရှားနှင့် ဂွါတီမာလာ ငါးနိုင်ငံ၌သာ တွေ့ရှိရပါသည်။ ကျောက်စိမ်းရတနာသည် ပေါများစွာ တွေ့ရသော ရတနာမဟုတ်ပါ။ ဖော်ပြပါ ငါးနိုင်ငံအနက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌သာ ရတနာတန်းဝင်သော ကျောက်စိမ်း အများအပြား တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် Jadeite Jade ကျောက်စိမ်းကို ဖားကန့်ရတနာနယ်မြေ၊ ခန္တီးရတနာနယ်မြေ၊ မော်လူးမော်ဟန် ရတနာနယ်မြေတို့တွင် တူးဖော်ရရှိပါသည်။

မြန်မာ့ကျောက်စိမ်းသည် လှပဆန်းကြယ်မှုများစွာရှိသလို ထူးခြားဆန်းကြယ်မှုလည်း အလွန်များပြားပါသည်။ မြန်မာ့ကျောက်စိမ်းကို အေဒီ ၁၃ ရာစုခန့်က တူးဖော်ထုတ်လုပ် အသုံးပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း ရှည်လျားသော သမိုင်းမှတ်တမ်းရှိသည့် ရတနာဖြစ်ပါသည်။ မြန်မာ့ကျောက်စိမ်းသည် အရောင်မျိုးစုံတွေ့ရှိရသော ရတနာဖြစ်ပါသည်။ အစိမ်းရောင်၊ ခရမ်းရောင်၊ အဖြူရောင်၊ အဝါရောင်၊ အနီရောင်၊ အနက်ရောင် စသဖြင့် အရောင်စုံသည့်အပြင် အစိမ်းနုမှ အစိမ်းရင့်၊ စိမ်းဝါ၊ စိမ်းပြာ၊ ပဲစိမ်း၊ စိမ်းဝါပြာ၊ မြစိမ်းရောင် စသဖြင့် ကွဲပြားသော အစိမ်းရောင်များရှိသလို ဖြူကြည်၊ ပြာကြည်၊ ဖန်သားမှုန်သား၊ ရေခဲသား၊ ဝက်ဆီသား၊ တိမ်ခိုးသား၊ ပိန်းဥသား စသဖြင့် ကွဲပြားသကဲ့သို့ ခရမ်းရောင်တွင်လည်း ခရမ်းနီ၊ ခရမ်းပြာ၊ ခရမ်းအနုအရင့် အရောင်ကွဲများစွာ ရှိပါသည်။

မြန်မာ့ကျောက်စိမ်းသည် အရောင်စုံသလို အရည်အသွေးအရလည်း မျိုးစုံလှပါသည်။ အသုံးဝင်မှုတွင်လည်း လက်ဝတ်ရတနာ၊ အဆင်တန်ဆာ၊ ရုပ်တုရုပ်ထွင်း အသုံးအဆောင်စသည်ဖြင့် အမျိုးစုံအသုံးဝင်သော ရတနာဖြစ်ပါသည်။ တူးဖော်ရရှိသည့် အရွယ်အစားကျပြန်တော့လည်း ကွမ်းသီးလုံးခန့် အရွယ်မှ ၃၃ တန်၊ ၁၁၅ တန်၊ တန် ၃၀၀၀ စသဖြင့် အရွယ်စုံတွေ့ရှိရသည့်အပြင် အရေအတွက် ပမာဏများပြားစွာ တွေ့ရှိရသော မြန်မာ့ကျောက်စိမ်း ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲတို့ကို မြန်မာ့မြေ၌ မြန်မာတို့ ကြိုက်နှစ်သက်သောဈေးဖြင့် ရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပါသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီအစိုးရနှင့် လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် ရတနာပြပွဲ (၂၅)ကြိမ်၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရတနာပြပွဲ (၂၁)ကြိမ်၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပသည့် (၄၈)ကြိမ်မြောက် ရတနာပြပွဲအထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ရတနာပြပွဲ (၃၅)ကြိမ် စုစုပေါင်း ရတနာပြပွဲ (၈၁)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ရတနာပြပွဲများကို အင်းလျားလိတ်ဟိုတယ်တွင် ယခင်က ကျင်းပခဲ့ပြီး ထို့နောက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ပြပွဲခန်းမ၊ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် အောက်တိုဘာလ နှစ်လယ်ရတနာပြပွဲမှစ၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ပြောင်းရွှေ့ကျင်းပခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မတ်လ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဒုတိယအကြိမ် ကျင်းပခဲ့ပါသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲများသည် တစ်ပွဲထက်တစ်ပွဲ အောင်မြင်မှုများရရှိပြီး စံချိန်တင်နိုင်ခဲ့ရာ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ရတနာပြပွဲသည် တင်ပြသည့် အတွဲ၊ တက်ရောက်သည့် ရတနာကုန်သည်၊ ရောင်းရရာခိုင်နှုန်း၊ ရောင်းရငွေသည် အများဆုံး စံချိန်တင်သည့် ပြပွဲတစ်ပွဲဖြစ်ပါသည်။

မြန်မာ့ကျောက်စိမ်းကို ခေတ်အဆက်ဆက် တူးဖော်ထုတ်လုပ်ကြရာတွင် ရှေးဦးကာလပိုင်း၌ သံတိုင်၊ ပေါက်ပြား၊ ဂေါ်တောင်း စသည်တို့ကို အသုံးပြု၍ လူ၏ လုပ်အားကို အဓိကထားကာ တူးဖော်ခဲ့ကြပါသည်။ ထို့နောက် ရေအားကို အသုံးပြု၍ မျောတိုက် တူးဖော်သည့်စနစ် (Hand Sluicing Method)၊ ကျောက်ဖောက်စက်များ အသုံးပြုတူးဖော်သည့်စနစ် (Drilling Method)၊ လူနှင့် စက်ယန္တရား ပေါင်းစပ်တူးဖော်သည့်စနစ် (Semi-Mechanize Method) သို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲတူးဖော်ရာမှ ယခုအခါ စက်ယန္တရားကြီးများကိုသာ အဓိကအသုံးပြု တူးဖော်လုပ်ကိုင်လျက်ရှိကြပါသည်။ စက်ယန္တရားကြီးများ အသုံးပြု၍ ဟင်းလင်းဖွင့် တူးဖော်ခဲ့ကြသည့်အတွက် အရောင်အသွေးစုံ၊ အလှအပစုံ၊ မြတ်နိုးနှစ်သက်ဖွယ်ရာစုံ၊ တန်ဖိုးကြီးမားသော မြန်မာ့ကျောက်စိမ်းတို့ ထွက်ရှိရာ ဖားကန့်ရတနာနယ်မြေနှင့် ဥရုချောင်းတို့သည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်လည်း အထိုက်အလျောက် ပျက်စီးယိုယွင်းမှုများ အတိုင်းအတာတစ်ခုထိ ရှိခဲ့ပါသည်။ ဖားကန့်ရတနာနယ်မြေတွင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းရှင်များသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသလို ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးမှုမှ ကာကွယ်ရေးလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခဲ့ကြပါသည်။

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဟု သိရှိရပါသည်။

ယခုအခါတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆန်ခါချောင်းဆုံမှ ဟောင်ပါးကျေးရွာထိ အပိုင်း လေးပိုင်းကို ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ တိုင်းတာခဲ့သည့် ဥရုချောင်းအတွင်း အပိုင်းလိုက်အရှည်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်-

(က)	ဆန်ခါချောင်းမှ ဖားကန့်မြို့အပိုင်း	၁၁·၅၀	မိုင်
(ခ)	ဖားကန့်မြို့မှ မမုံကျေးရွာအပိုင်း	၄	မိုင်
(ဂ)	မမုံကျေးရွာမှ နန့်စဘိန်းကျေးရွာအပိုင်း	၉	မိုင်
(ဃ)	နန့်စဘိန်းကျေးရွာမှ ဟောင်ပါးကျေးရွာအပိုင်း	၈	မိုင်
	စုစုပေါင်း	**၃၂·၅၀**	**မိုင်**

ဥရုချောင်းအတွင်း အနည်ထိုင်ပို့ချပြီးဖြစ်သော မြေစာများကို Excavator (Back Hoe) များဖြင့် တူးဖော်ပြီး Dump Truck များဖြင့် သယ်ယူ၍ သတ်မှတ်ပေးထားသော နေရာများတွင် စွန့်ပစ်ခြင်း၊ ချောင်းအတွင်းရှိ ကနယ်များ၊ သဲမြေများကို ယန္တရားများဖြင့် လွတ်ကင်းရာသို့ ဖယ်ရှားရန်အတွက် စက်ယန္တရားအများအပြား အသုံးပြုရမည်ဖြစ်ပြီး ကုန်ကျမည့် စက်ဆီ၊ ချောဆီပမာဏကို တွက်ချက်ပေးထားကြောင်း သိရပါသည်။

ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏကြီးမားသော်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကျောက်စိမ်း တူးဖော်နေသည့်ကုမ္ပဏီများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီတို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ချက်ချင်းဆောင်ရွက်ရန်ရှိသည်များကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ၂၀၁၁ ခုနှစ် မတ်လ မတိုင်မီက ပုံမှန်ပြုလုပ်ဆောင်ရွက်လျက်ရှိသော ဥရုချောင်း ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည့်အပြင် ၂၀၁၁ ခုနှစ် ဧပြီလ ၁၅ ရက်မှ မေ ၁၅ ရက်အထိ ကာလအတွင်း ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ စက်ယန္တရားအင်အားများ အသုံးပြုပြီး အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်-

(က) ဥရုချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက်ခြင်း။
(ခ) ဥရုချောင်းသို့စီးဝင်သည့် ချောင်းလက်တက်များရှင်းလင်းခြင်း။
(ဂ) လုံးခင်းမှ ဖားကန့်တောင်ဘက်အထိ ဥရုချောင်းဝဲယာ တစ်လျှောက် လေ့ကားထစ်မြေထိန်းနံရံ ပြုလုပ်ခြင်း။
(ဃ) မြေစာများ စနစ်တကျစွန့်ပစ်ခြင်း။
(င) မြေထိန်းနံရံများ ပြုလုပ်ခြင်း။
(စ) သစ်ပင်ပျိုးခြံ (Nursery) ၁၀ ခု ဆောင်ရွက်ခြင်း။

ဖားကန့်ရတနာနယ်မြေအတွင်း ဥရုချောင်းနှင့် ဥရုချောင်း၏ ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်ရေး၊ ကျောက်စိမ်းတူးဖော်သည့် လုပ်ကွက်များ၊ မှော်များမှ ထွက်ရှိလာသည့် မြေစာများ စနစ်တကျစွန့်ပစ်ရေး၊ စွန့်ပစ်မြေစာများမှ သဲ၊ နုန်း၊ ကနယ်များ ချောင်းလက်တက်များမှတစ်ဆင့် ရေစီးနှင့်အတူ တိုက်ရိုက် ဥရုချောင်းအတွင်း စီးဝင်မှု နည်းပါးစေရေး၊ ဥရုချောင်းနှင့် ချောင်းဆုံနေရာများတွင် ပို့ချအနည်ထိုင်မှု မရှိစေရေးတို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် ဥရုချောင်းကြမ်းပြင် ပြန်လည်နှိမ့်ချတူးဖော်ရေးလုပ်ငန်းများကို ရေရှည်စီမံချက်များ ရေးဆွဲပြီး ပွင့်လင်းရာသီရောက်သည်နှင့် စတင်ဆောင်ရွက်သွားမည်ဟု သိရပါသည်။ ရတနာနယ်မြေအတွင်းရှိ ရေဝေရေလဲဒေသများတွင်လည်း သစ်တော၊ သစ်ပင်များ စိုက်ပျိုးခြင်း၊ အပေါ်ယံမြေဆီလွှာများ ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် တူးဖော်ပြီးသည့် မှော်များတွင် သစ်တောစိုက်ခင်းများ စိုက်ပျိုးထူထောင်သွားရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ရောင်းရေးဝယ်တာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည့်အတွက် နိုင်ငံတော်က ဖားကန့်မြို့ကို ဖားကန့်မြို့နယ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ကျောက်စိမ်းလုပ်ငန်းရှင်များအနေဖြင့်လည်း ဖားကန့်ဒေသအတွင်း လူမှုရေး၊ ပညာရေး၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ သတ္တုတွင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကြီးသည် ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ပူးပေါင်းပြီး ဖားကန့်ရတနာနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်ရေး၊ ကျောက်စိမ်းမှော်များ စိမ်းလန်းစိုပြည်လှပရေးတို့ကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြရာ မကြာမီကာလများအတွင်း ဖားကန့်ရတနာနယ်မြေတွင် ရေအလျဉ် တသွင်သွင်စီးဆင်းနေသည့် ဥရုချောင်း၏ သဘာဝအလှအပနှင့် စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို တွေ့မြင်ခံစားကြရတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၁၅ ၄။ အဖွင့်သီချင်း
- ၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဘေ့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၇)
- ၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ချင်းစိမ်းနှင့်မိဿလင်** ကျော်ရဲအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-အောင်ဇပါဝါ)
- ၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၀)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၇ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၃ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၃၀ ၇။ မြန်မာသံစဉ်
- ၄:၄၀ ၈။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၅၀ ၉။ ကုန်သွယ်သုတ
- ၄:၅၅ ၁၀။ ခေါင်းလောင်းသံချို အားမာန်ပို
- ၅:၃၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၄။ လျှပ်တစ်ပြက်
- ၆:၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
- ၇:၀၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
- ၇:၄၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၂၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ လူ့ရွှင်တော်စကား
- ၂၃။ အင်္ဂလိပ်စာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၁၇)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၆)
- ၂၇။ သင့်အတွက်မနက်ဖြန်

❒ *ကျောဖုံးမှ*

နိုင်ငံတကာအဆင့်မီ လက်ဝှေ့လေ့ကျင့်ရေးအားကစားရုံ တည်ဆောက်နေမှု၊ နိုင်ငံတကာပြိုင်ပွဲအတွက် လက်ဝှေ့လေ့ကျင့်နေမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဦးတင်မောင်ဖေ (နည်းပြချုပ်)နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "မြန်မာ့လက်ရွေးစင် ရိုးရာလက်ဝှေ့အားကစားသမားတွေ ခေတ်မီလေ့ကျင့်နိုင်ဖို့အတွက် တည်ဆောက်တာ ဖြစ်ပါတယ်။

နိုင်ငံတကာပြိုင်ပွဲအတွက် လေ့ကျင့်နေသော လက်ဝှေ့အားကစားသမားများကို တွေ့ရစဉ်။

ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အမျိုးသားလက်ဝှေ့အား ကစားသမားခြောက်ဦးနဲ့ အမျိုးသမီးနှစ်ဦး ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပြင် ဇွန်လထဲမှာပဲ ဂျော်ဒန်နိုင်ငံမှာ ပြုလုပ်မယ့် အာရှတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကိုလည်း ဝင်ရောက် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ပထမဆုံး

ယခုအခါ ယင်းအဆောက်အအုံသည် ၉၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး ပြီးစီးသွားပါက မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ လက်ဝှေ့အားကစား လေ့ကျင့်ရေး အားကစားရုံတစ်ခု ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ယခင် လေ့ကျင့်ရေးရုံ နေရာအနေအထားအရ လက်ဝှေ့အားကစားသမားတွေအတွက် ကျဉ်းလည်းကျဉ်းတယ်။ လေ့ကျင့်ရေးအထောက်အကူပစ္စည်းတွေ ပြည့်ပြည့်စုံစုံ တပ်ဆင်ထားခြင်း မရှိဘူး။ ဒါကြောင့်မို့ အဆင့်မီ လေ့ကျင့်ရေးရုံ တည်ဆောက်ပြီး ခေတ်မီလက်ဝှေ့အထောက်အကူ ပစ္စည်းတွေလည်း တပ်ဆင်သွားမယ်" ဟု ရှင်းပြသည်။

အဆိုပါ လေ့ကျင့်ရေးအားကစားရုံတွင် လေ့ကျင့်ရေး ကြိုးဝိုင်းများ၊ အားကစားသမား နားနေဆောင်များ ပါရှိမည်ဖြစ်ကြောင်း ထပ်မံရှင်းပြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ဆက်လက်၍ ဦးတင်မောင်ဖေက "မေ ၂၉ ရက်မှ ဇွန် ၃ ရက်အထိ တရုတ်နိုင်ငံမှာ ပြုလုပ်မယ့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့

အထူးကုဆရာဝန်ကြီးများ ဒလမြို့နယ်၌ အခမဲ့ဆေးကုသပေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အထူးကုဆရာဝန်ကြီးများက မေ ၂၁ ရက်တွင် ဒလမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ဆေးကုသပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ မျက်စိအထူးကု၊ နား နှာခေါင်း လည်ချောင်းအထူးကု၊ တိုင်းရင်းဆေးဆရာများ၊ ပြန်လည်သန်စွမ်းရေးနှင့် သမားတော်ကြီးများ ပါဝင်သော ဆရာဝန်ကြီးများအဖွဲ့ ဒလမြို့နယ်သို့ လာရောက်ဆေးကုသရာတွင် ဆေးကုသခံယူသူ ၉၄၀၆ ဦး ရှိခဲ့ကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထူးလှိုင်တို့က လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး ဇေယျာသီရိမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း လိုက်ပါလျက် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့၌ တည်ဆောက်လျက်ရှိသော ခုတင်(၁၀၀)ဆေးရုံနှင့် ခုတင်(၅၀)ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု စက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ မယင်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မစီးချောင်းရေလွှဲဆည် တည်ဆောက်နေမှုနှင့် ရေဆင်းတိုက်နယ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ် ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**သောကကင်းဝေးနေနိုင်ရေး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၇)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၅)
၈း၅၀	၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ပြပွဲ (မူဆယ်)
၉း၁၀	Welcome to KABAR AYE SONY SHOWROOM
၉း၂၅	ရွှေဈေးကွက်နှင့်ရွှေဝယ်လမ်းညွှန်
၉း၄၅	Global Panorama ကိုကိုလှိုင်၊ မျိုးမြတ်သူ
၁၀း၁၅	နေသားတကျအရေပြားအလှ ဝက်ခြံနှင့်အရေးအကြောင်း ကင်းတဲ့ချစ်စရာ့မျက်နှာ
၁၀း၂၅	ပန်းချီပြခန်း ၁၅ ကြိမ်မြောက်ရေဆေးပန်းချီပြပွဲ
၁၀း၄၀	သွားမယ်စားမယ် (ရွှေလိပ်ပြာ)
၁၁း၀၅	MNL Preview
၁၁း၃၀	ဟိုတယ်လမ်းညွှန် (ပုဂံသီရိပစ္စယာဆာကူရာဟိုတယ်)
၁၂း၁၀	အမျိုးသမီးများအတွက် Queen Rose Centre
၁၂း၃၀	ကွတ်ခိုင်မြို့မှ ဓာတ်တော်ရှင် ကျိုက်ထီးရိုးစေတီတော် ထီးတော်တင်မင်္ဂလာ၊ ရှင်ပြု မင်္ဂလာနှင့်ဆီမီး ၉၀၀၀ ပူဇော်ပွဲ
၁း၀၀	**သောကကင်းဝေးနေနိုင်ရေး** တရားတော် ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ
၂း၀၀	MRTV-4 သတင်း
၂း၁၀	VJ Choice
၃း၀၀	၁၉၆၉ ခုနှစ် မြန်မာစာ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၃း၃၀	Goals of the week
၄း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၅)
၅း၀၀	ပဲခူး၊ ဆယ်မိုင်ကုန်းဓမ္မဒူတ ဆရာတော် စီစဉ်ထုတ်ဝေသော ဓမ္မဒူတဘာသာရေးမဂ္ဂဇင်း မိတ်ဆက်ပွဲ
၅း၂၅	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk **(ရုပ်ရှင်စကားဝိုင်းအညွှန်း)** (အပိုင်း-၈)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၈)
၇း၃၅	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ် Evening Gown Collection)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၀	ကြယ်စင်အလင်းဝေဖြာ နေပြည်တော်စိုးစံမှာ…
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၆)
၁၀း၁၅	ချန်ပီယံလိဂ်ရှင်ခုနှစ်သံ
၁၀း၄၅	ပျော်ရွှင်ဆင်နွှဲ ပုဂံမြေမှ အာဗိုရဲ့အောင်ပွဲ
၁၁း၁၀	နှယ်ဥဆန်းထွင် ပန်းအလှဆင် (ပန်းပွင့်များရဲ့ ဖန်တီးရှင်) (ပန်းဒေါင်းပြုလုပ်နည်း)
၁၁း၂၅	အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
၁၁း၄၅	World of Knowledge (Moving Ancient Egypt)
၁၂း၃၀	ကြက်သွန်စိုက်ပျိုးဖြစ်ထွန်း အောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
၁၂း၄၅	**ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဟာသသရုပ်ဆောင် ဦးကျော်လီဆွေသို့ အမှတ်တရမှတ်တမ်း)** (အပိုင်း-၁)
၁း၁၅	ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
၁း၃၀	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း-၁)
၁း၅၅	တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ…
၂း၀၅	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်စန္ဒာဝင်း
၂း၃၀	စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
၂း၄၅	အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co.,Ltd.)
၃း၀၀	ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၄း၀၀	Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၄း၁၅	စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၄း၄၀	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြင့်မောင်စိုး ရေးသားသည်

လော့အိန်ဂျလိစ် မေ ၂၇

ယခုနှစ် အမေရိကန် အိုင်ဒေါ (American idol) လို့ အမည်ရတဲ့ ကျေးလက်သီချင်းဆိုပြိုင်ပွဲမှာ ဆယ်ကျော်သက် ကျေးလက်အဆိုတော်လေး စကော့တီမက်ခရီရိုင်းက အကောင်းဆုံး အမေရိကန် အိုင်ဒေါကျေးလက်အဆိုတော်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ စကော့တီမက်ခရီရိုင်းဟာ မြောက်ကယ်ရိုလိုင်းနား ပြည်နယ် ဂါနာမြို့သားတစ်ဦးပါ။ သူဟာ ဒီကျေးလက် သီချင်းဆိုပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲမယ်လို့ နာမည်ကြီးနေတဲ့ သူ့ချစ်သူ လောရင့်အလိုင်နာကို ကျော်ဖြတ်ပြီး အကောင်းဆုံး ကျေးလက်အဆိုတော်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပါတယ်။

အမှတ်လက္ခဏာ

အထက်တန်း ကျောင်းသားလေး တစ်ဦးဖြစ်တဲ့ မက်ခရီရိုင်းဟာ ကျောင်းတက်ရင်း ကုန်စုံဆိုင်တစ်ဆိုင်မှာ အချိန်ပိုင်းအလုပ်လုပ်နေသူပါ။ သူဟာ ၂၀၀၅ခုနှစ်က ကာရီအန်ဒါဝုဒ်ဆိုတဲ့ ကျေးလက်အဆိုတော် ဒီတေးဂီတဆုကို ဆွတ်ခူးပြီးတဲ့နောက် ပထမဆုံး ဒီတေးဂီတဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အဆိုတော်တစ်ဦး ဖြစ်ပါတယ်။

သီဆိုဖျော်ဖြေ

မက်ခရီရိုင်းဟာ ဒီအမေရိကန် အိုင်ဒေါသီချင်းဆိုပြိုင်ပွဲမှာ လေးဦးမြောက် ဆွတ်ခူးနိုင်တဲ့ အမျိုးသားအဆိုတော်လည်း ဖြစ်ပါတယ်။ သူဟာ အကောင်းဆုံး ကျေးလက်တေးဂီတဆုရှင်အဖြစ် ကြေညာလိုက်ချိန်မှာတော့ ကျေးလက်အဆိုတော်ကြီး တင်မက်ခရောနှင့်အတူ I Love You This Big သီချင်းကို သီဆိုဖျော်ဖြေခဲ့ပါသေးတယ်။

အသက် ၁၆နှစ်အရွယ်သာရှိသေးတဲ့ ကျေးလက်အဆိုတော်မလေး အလိုင်နာဟာလည်း ဒီသီချင်းပြိုင်ပွဲမှာ ဆုရမယ်လို့ ရေပန်းစားခဲ့သူပါ။ သူမဟာ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ရော့စ်ဗီလီမြို့ကပါ။ သူမနဲ့ ဆုရသွားတဲ့အဆိုတော် မက်ခရီရိုင်းတို့ဟာ နောက်ဆုံးနေ့က အကြိတ်အနယ်ယှဉ်ပြိုင်ကြရင်း မိတ်ဆွေတွေဖြစ်ရာက ချစ်သူတွေ ဖြစ်ခဲ့ကြပါတယ်။ သူတို့အတွဲဟာလည်း လိုက်ဖက်တဲ့စုံတွဲလို့ ပြောရမှာပါ။ နှစ်ဦးစလုံးက ဝါသနာချင်းကတူ အချစ်ချင်းက တူကြတာမို့ ဘဝဖော်တွေအဖြစ် လက်တွဲလိုက်သူတွေပါပဲ။

ရွေးချယ်

ဒီအိုင်ဒေါလို့အမည်ရတဲ့ကျေးလက်သီချင်းပြိုင်ပွဲဟာ ပြိုင်ပွဲဝင်အဆိုတော်များရဲ့ သီဆိုဖျော်ဖြေမှုကို ဖောက်စ်ရုပ်မြင်သံကြားမှ တစ်ဆင့် ထုတ်လွှင့်ပြသပြီး ပရိသတ်တွေက ဖုန်းတွေနဲ့ ဆန္ဒမဲပေး ရွေးချယ်ပေးခဲ့တာလို့ သိရပါတယ်။ စုစုပေါင်း ပရိသတ် ၁၂၂သန်းပါဝင်ပြီး ဆန္ဒမဲပေးရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်



အဆိုတော် စကော့တီ မက်ခရီရိုင်းနှင့် သူ့ချစ်သူ လောရင့်အလိုင်နာတို့ အား တွေ့ရစဉ်။



မကြာမီ လက်ထပ်တော့မည့် ဘတ်စကက်ဘောသမား ခရစ်ဟမ်ဖရစ်(ဇ်) နှင့် ကင်(မ်)ကာဒါရှန်း။

အဆိုတော်သရုပ်ဆောင် ကာဒါရှန်နှင့် ဘတ်စကက်ဘောသမားတို့ ချစ်ခရီးစတင်

နယူးယောက် မေ ၂၇

အမေရိကန် အဆိုတော်ရုပ်ရှင်သရုပ်ဆောင်မင်းသမီးကင်မ်ကာဒါရှန်သည် ဘတ်စကက်ဘောသမား ခရစ်ဟမ်ဖရစ်နှင့် လက်ထပ်တော့မည်ဖြစ်ကြောင်း ပီးပဲလ် မဂ္ဂဇင်းက မေ ၂၅ ရက်တွင် ရေးသားဖော်ပြသည်။

ပေးခဲ့

ကင်မ်ကာဒါရှန်အနေဖြင့် လွန်ခဲ့သော သီတင်းပတ်က ကယ်လီဖိုးနီးယားပြည်နယ် ဘီဘာလီဟေးလ်မြို့နေအိမ်၌ ဟမ်ဖရစ်၏ စေ့စပ်လက်စွပ်ကို လက်ခံလိုက်ခြင်းဖြင့် ၎င်းတို့နှစ်ဦး၏ ချစ်ခရီးကို စတင်လိုက်ပြီဖြစ်ကြောင်း မဂ္ဂဇင်း၌ဖော်ပြထားသည်။ အသက် ၂၆နှစ်အရွယ်ရှိ ဟမ်ဖရစ်သည် အသက် ၃၀ အရွယ်ရှိ အဆိုတော်သရုပ်ဆောင် ကာဒါရှန်အား ၂၀ ဒသမ ၅ ကရက်ရှိ စိန်လက်စွပ်ကိုပေးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ဗီယက်နမ်နိုင်ငံသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၂၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် မေ ၂၆ရက် ညနေ ၃ နာရီက သာသနာရေးဝန်ကြီးဌာနရန်ကုန်ရုံးခွဲရှိ ဝန်ကြီး၏ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပေးအပ်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၁ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲကျော်စွာခန်းမ၌ကျင်းပရာ ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ဦးက ကျောင်းသားကျောင်းသူ ၄၀၇ ဦးအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်စဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

စာပေမြင့်မှ လူမျိုးတင့်မည်

သမာဓိချိန်ခွင် ပင်လည်ဘူးမြို့၌စစ်ဆေး

ပင်လည်ဘူး မေ ၂၇

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေနှင့် အဖွဲ့ပိုင်ဈေးအတွင်း သမာဓိချိန်ခွင်ထားရှိမှု ရှိ မရှိကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီအကြို နေထိုင်မှုဆိုင်ရာ ကုန်စည်ပြပွဲ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီပါဝင်ပြသ

ရန်ကုန် မေ ၂၇

Jade Crown Organizing Group က ကြီးမှူးပြီး ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ Main Sponsor အဖြစ် ပါဝင်သည့် Monsoon Discount & Lifestyle Fair 2011 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ပါဝင်ပြသသည်။

အဆိုပါပြခန်းတွင် အဆင့်မြင့်လုံးချင်း Pent House များ၊ ကွန်ဒိုတိုက်ခန်းများ၊ Apartment တိုက်ခန်းတို့ကို အထူးအစီအစဉ်များဖြင့် ပြသရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



Monsoon Discount & Lifestyle Fair 2011 ပြပွဲကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

အဖြူရင့်ရင့် ဥတ္တရနေခြည် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၇

တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘဝနှင့်အလှ၊ သဘာဝနှင့်ယဉ်ကျေးမှု၊ ဖြူစင်ရိုးသားသော ဓလေ့စရိုက်နှင့် ဘဝအားမာန် အစရှိသည်တို့ကို အခြေခံလျက် ရသမြောက်ဇာတ်လမ်းများကို စိတ်ကူးကောင်းကောင်းဖြင့် ဖော်ကျူး တင်ဆက်လေ့ရှိသော စာရေးဆရာကိုဦး၏ အဖြူရင့်ရင့် ဥတ္တရနေခြည်စာအုပ် **(ယာပုံ)**ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ခိုင်မာသော ဇာတ်လမ်း၊ ထူးဆန်းသောအဖြစ်အပျက်များ၊ တုန်လှုပ်တက်ကြွဖွယ်၊ ရင်နာဖွယ်ဇာတ်ဝင်ခန်းများဖြင့် တသိမ့်သိမ့် တငြိမ့်ငြိမ့် ဖတ်ရှုရမည့်အပြင် တောင်ထိပ်အမြင့်ဆုံးနေရာသို့ တက်ရောက်ပြီးပါက နောက်ထပ်တက်ရန် မလိုတော့သည့်အလား ပြည့်စုံသောကျေနပ်မှုများဖြင့် နှစ်သက်ပီတိဖြစ်ရမည့် ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းကြေးအိုးဆိုင်နှင့် အလက(၁) ရန်ကင်းကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် တစ်နိုင်ငံလုံးရှိ စာအုပ်ဆိုင်ကြီးများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဖျာပုံမြို့နယ်၌ ကျင်းပ

ဖျာပုံ မေ ၂၇

ဖျာပုံမြစ်ကမ်းဘေးတစ်လျှောက် သစ်ပင်စိုက်ပျိုးပွဲကို ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် မေ ၁၃ ရက်က စုပေါင်းကျင်းပကြသည်။

အဆိုပါစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှ ဝန်ထမ်း ၄၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက သမုံ့ပင် ၂၃၀နှင့် ခရေပင် ၂၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၁၃၂)**

စပါးမျိုးသန့် မျိုးစေ့များ သန်လျင်၌ပေးအပ်

ရန်ကုန် မေ ၂၇

မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်း သိသာစွာ တိုးမြှင့်ရေးတို့အတွက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများအား ချီကျိဖောင်ဒေးရှင်းက ရတနာတိုးစီးပွားဖြစ်မျိုးသန့် မျိုးစေ့ တင်း ၅၂၀၀ ပေးအပ်လှူဒါန်းပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက သန်လျင်မြို့ သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသော သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများအား ရတနာတိုး စီးပွားဖြစ် မျိုးသန့်မျိုးစေ့များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၄၉)**

လှိုင်ကော်မြို့နယ် ဌာနဆိုင်ရာရုံးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လောင်စာဆီကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင့် -

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၉လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ လောင်စာဆီအရောင်းဆိုင်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ရေရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား -

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေ (၂)လမ်းတွင် ရေမလာသည်မှာ တစ်နှစ်ခန့်ကြာပြီဖြစ်ပါ၍ ရေရရှိရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မာန်ပြေလမ်းသား**

ဈေးသည်နှင့်လိုင်းကားများ စည်းကမ်းရှိစေချင်

စာတည်းခင်ဗျား -

ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် ကျောင်းလမ်းနှင့် ဦးချစ်မောင်လမ်းတွင် ကျူးကျော်ဈေးသည်များ လမ်းပိတ်ရောင်းချနေပြီး ဘတ်စ်ကားများမှာ မှတ်တိုင်မဟုတ်ဘဲ လူတင်လူချပြုလုပ်နေခြင်းတို့ကြောင့် လမ်းပိတ်၍ အများပြည်သူများ သွားလာရေးအခက်အခဲ ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သား**

ဆိပ်ခံတံတားပေါ်မှ ဈေးဆိုင်များဖယ်ရှားပေးစေလို

စာတည်းခင်ဗျား -

စစ်တွေမြို့မဈေးကြီးအတွင်းရှိ သား၊ ငါးဈေးတန်းထိပ် ဆိပ်ခံတံတားပေါ်၌ ဈေးရောင်းချနေခြင်းကြောင့် လှေသမ္ဗန်များ ကုန်အတင်အချနှင့် ခရီးသည်များ သွားလာရာတွင် အခက်အခဲဖြစ်ရပါသဖြင့် အဆိုပါဈေးဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ကုန်သည်များ**

လမ်းပိတ်ဆို့နေသဖြင့် ရှင်းလင်းပေးပါ

စာတည်းခင်ဗျား -

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် (ဃ)ရပ်ကွက်နှင့် (င/က) ရပ်ကွက် လုပ်သားလမ်းအတွင်းရှိ ကားဝပ်ရှော့အလုပ်ရုံရှေ့၌ရပ်ထားသောကားများနှင့် ဆိုက်ကားများကြောင့် လမ်းပိတ်ဆို့နေပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **လုပ်သားလမ်းသားများ**

ကြက်ခြံလုပ်ငန်း ပြောင်းရွှေ့ပြီး

၇-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကြက်ခြံလုပ်ငန်းပြောင်းရွှေ့ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ပဲခူးမြို့နယ် ဥဿာမြို့သစ်ရပ်ကွက်ကြီး (၂) မြေတိုင်း(၄)ရပ်ကွက် မဟော်သဓာလမ်းရှိ ကြက်ခြံလုပ်ငန်းအား ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့မှ ဦးကျော်သူ၏သား မောင်နေဇော်ထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၂-၁၉၇၈ ဖြစ်ပါကြောင်း။

မောင်နေဇော်ထက်။

မြန်မာ့အလင်း သတင်းအတိုအထွာ

ကျောင်းအပ်နှံရေးနေ့ လယ်ဝေး၌ကျင်းပ

လယ်ဝေး မေ ၂၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် လယ်ဝေးမြို့နယ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် အထက(၁) ရွှေရတုခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်တို့က ရှင်းလင်းပြောကြားကြပြီး မြို့နယ်အတွင်း ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူ ၂၇၂၆ ဦးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းအသီးသီးနှင့် လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများက အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သဲကုန်း၌ မိုးကြိုးပစ်၍ တစ်ဦးသေဆုံး

သဲကုန်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဇီးအုပ်ကျေးရွာအုပ်စု ရွှေတဲသဲကုန်းကျေးရွာ၌ မေ ၂၃ ရက် ညနေ ၅ နာရီခွဲခန့်တွင် မိုးရွာနေစဉ် လူသုံးဦးနှင့် နွားထီးတစ်ကောင် မိုးကြိုးပစ်ခံခဲ့ရသည်။

ဖြစ်စဉ်မှာ ဇီးအုပ်ကျေးရွာအုပ်စု ရွှေတဲသဲကုန်းရွာနေ ဒေါ်စန်းရီ(ဘ)ဦးဂတုံး၊ ဒေါ်ချိန်(ဘ)ဦးညိုနှင့် မတင်တင်မိုး(ဘ)ဦးကျော်တို့ သုံးဦးမှာ ပဲခင်းမှအပြန် လမ်းတွင် မိုးကြိုးပစ်ခံရ၍ ဒေါ်စန်းရီနှင့် နွားထီးတစ်ကောင် သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ပေါင်းတည်မြို့နယ် မုတ်တိုင်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ မေ ၂၇

၂၀၁၁-၂၀၁၂ ခုနှစ် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းစီမံချက်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ငြိမ်းအောင်သည် မေ ၂၄ ရက်က ညောင်ရွှေမြို့နယ်ရှိ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆောင်ရွက်

ယနေ့အထိ ညောင်ရွှေမြို့နယ်တွင် လုပ်ငန်း၏ ၆၅ ရာခိုင်နှုန်းခန့်ရှိပြီး မေလအကုန်တွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်မြေစာရင်း)

အာဂျင်တီးနားနှင့် ဥရုဂွေးခြေစမ်းပွဲကစား အာဂျင်တီးနားက လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရ

ဖျူနိုအေရိစ် မေ ၂၇

အာဂျင်တီးနားအသင်းနှင့် ဥရုဂွေးဘောလုံးအသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် အာဂျင်တီးနားနိုင်ငံ ချာကိုပြည်နယ် ဆာမီအင်တိုမြို့ ဘောလုံးကွင်း၌ မေ၂၆ရက်က ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအတွက်ဂိုးများကို ပွဲချိန် ၉ မိနစ်နှင့် ၄၄ မိနစ်တို့၌ ဟူချီက နှစ်ဂိုး၊ ပွဲချိန် ၃၆ မိနစ်၌ ဖာနန်ဒက်ဇ် **(အပေါ်ပုံ)**က တစ်ဂိုးနှင့် ၇၃ မိနစ်၌ အင်ဇိုပီရက်ဇ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် လေးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ရရှိ

ဥရုဂွေးအတွက် ချေပဂိုးများကို ဒုတိယပိုင်းပွဲချိန်အတွင်း အဲလ်ဗစ်မာရီကော့စ်နှင့် ဇီဘာလော့စ်တို့က တစ်ဂိုးစီသွင်းယူခဲ့သဖြင့် ချေပဂိုးနှစ်ဂိုးရရှိခဲ့သည်။ ယင်းခြေစမ်းပွဲ၌ ပြည်တွင်းအခြေပြု ဘောလုံးသမားများကိုသာ နှစ်သင်းစလုံး အဓိကကစားစေခဲ့ခြင်း ဖြစ်သည်။ ယင်းပွဲသည် အာဂျင်တီးနားနိုင်ငံ၌ ဇွန် ၁ ရက်တွင် စတင်ကျင်းပမည့် အမေရိကဖလား ဘောလုံးပြိုင်ပွဲအတွက် အကြိုခြေစမ်းပွဲ ဖြစ်သည်။ **(အင်တာနက်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကွင်းဆင်းကြီးကြပ်

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားပန်းခြံတွင် ပြည်သူများ အပန်းဖြေနားနေဆောင် ဆောက်လုပ်နေမှုကို မေ ၁၉ ရက်က အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း လျှပ်တစ်ပြက်မြင်ကွင်း

တောင်ငူ မေ ၂၇

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များကို မဆင်မခြင်မောင်းနှင်ခြင်း၊ တိရစ္ဆာန်များ စည်းကမ်းမဲ့လွှတ်ထားခြင်းနှင့် မော်တော်ဆိုင်ကယ်များ လုံးဝစီးနင်းခွင့်မရှိသည့်လမ်းပေါ်တွင် အုပ်စုလိုက်နှင့် တစ်ဦးချင်းစီးနင်းနေခြင်းကြောင့် မကြာခဏ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိပြီး အပြစ်မဲ့ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိကြသည့်အပြင် အသက်ပေါင်းများစွာ ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသည်။

မေ ၂၅ ရက် နံနက်ပိုင်းက တောင်ငူ-နေပြည်တော်လမ်းပိုင်း မိုင်တိုင်အမှတ် ၁၅၁ နှင့် ၁၅၂ အကြား လမ်းမကြီးပေါ်တွင် ကျွဲတစ်ကောင်ဖြတ်သန်းလျက်ရှိပြီး စီးနင်းခွင့်မရှိသော လမ်းပေါ်တွင် ဆိုင်ကယ်တစ်စီး စီးနင်းလာသည်ကို တွေ့ရှိခဲ့ရသည်။ (အပေါ်ပုံ)

တားမြစ်

သို့ဖြစ်၍ ယာဉ်မောင်းများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာ၊ လမ်းမကြီးတစ်ဖက်တစ်ချက်ရှိ ကျေးရွာများမှ တိရစ္ဆာန်ထိန်းကျောင်းသူများကလည်း တိရစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်း၊ တားမြစ်ထားသည့် လမ်းမပေါ်တွင် မော်တော်ဆိုင်ကယ်များ စီးနင်းခြင်းကိုလည်း ရှောင်ကြဉ်ကြပါလျှင် ယာဉ်တိုက်မှုများ လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း သတိပြုဆင်ခြင်ဖွယ်အဖြစ် လျှပ်တစ်ပြက်မြင်ကွင်းနှင့်အတူ ရေးသားလိုက်ရပါသည်။ (၁၁၅)

မြန်မာ့အလင်း မှုခင်းသတင်း

လူသတ်၊ ဆိုင်ကယ်ယူသွားသူများအား ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၇

မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် အဆုတ်ဆေးရုံအနောက်ဘက်တွင် မေ ၁၃ ရက် ည ၁၀ နာရီက အမည်မသိအမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်နေ အေးမင်းစိုး(ခ)အခြောက်မ အသက် ၃၀ ဖြစ်ပြီး ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဝဲပါး ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာနားရွက်နောက် ပြတ်ရှ၊ ရင်ညွန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာဒူး ပွန်းပဲ့ဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ အေးမင်းစိုးမှာ ဟွန်ဒါဝေ့ဖ်အပြာရောင်ဆိုင်ကယ်တစ်စီး၊ ဟန်းဖုန်းတစ်လုံးတို့နှင့်အတူ မေ ၁၃ ရက်နံနက် ၉ နာရီတွင် နေအိမ်မှ ထွက်ခွာသွားကြောင်း သိရသဖြင့် မော်လမြိုင်မြို့မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သေဆုံးသူ၏ဆိုင်ကယ်အား ရယူသွားကြောင်း သိရှိရသဖြင့် ဆက်စပ်ရဲစခန်းများ၊ မြို့ဝင်ထွက်ဂိတ်များ၊ တံတားလုံခြုံရေးဂိတ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ချိတ်ဆက်သတင်းပေး၍ စုံစမ်းခဲ့သည်။

ဖမ်းဆီးရမိ

မေ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေးမြို့ အဝင်ဂိတ် သံဖြူဇရပ်မှ ရေးမြို့သို့ လူသုံးဦး စီးနင်းလာသည့် မသင်္ကာဖွယ် ဆိုင်ကယ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ စီးနင်းလာသူနှစ်ဦးမှာ ထွက်ပြေးသွားပြီး မော်လမြိုင်မြို့နေ စိုင်းလင်းထွန်း အသက် ၂၂ နှစ်အား ဖမ်းဆီးရမိခဲ့သည်။ ဆိုင်ကယ်မှာ ပြစ်မှုကျူးလွန်ပြီး ယူဆောင်လာသည့် ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသည်။ ထွက်ပြေးသွားသူ နှစ်ဦးအနက် မော်လမြိုင်မြို့နေ အောင်အောင်ဦး အသက် ၁၈ နှစ်အား မေ ၁၅ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူ တင်ထွန်းဦးအား ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသမီးကြီးတစ်ဦး ခုနစ်လွှာမှ ပြုတ်ကျသေဆုံး

ရန်ကုန် မေ ၂၇

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗဟိုလမ်း တိုက်အမှတ် (၁၇၀)၊ ခုနစ်လွှာ၏ နောက်ဖေး ဝရန်တာမှ အမျိုးသမီးတစ်ဦး ယမန်နေ့ညနေ ၅ နာရီ ၁၀ မိနစ်က ပြုတ်ကျမှု ဖြစ်ပွားသည်။ ဖြစ်စဉ်မှာ ဒေါ်မြင့်မြင့် အသက် ၆၆ နှစ်သည် ၎င်း၏ အခန်းနောက်ဖေး ရေတံလျှောက်ပိုက်မှ မိုးရွာလျှင် အိမ်ခန်းတွင်းသို့ ရေဝင်သည့်အတွက် ရေပိုက်ကို ခုံဖြင့်တက်၍ ပြုပြင်စဉ် ခြေချော်၍ နောက်သို့လန်ကာ ဝရန်တာမှကျော်ပြီး အောက်သို့ ပြုတ်ကျ သေဆုံးရခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၀၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မကြာမီ အထင်အရှား တွေ့မြင်ကြရတော့မည့် အားကစားလောကဖွံ့ဖြိုးမှု ပုံရိပ်များ

➤ သတင်းမှတ်စုနှင့် ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၇

အားကစားလောကဖွံ့ဖြိုးလာမှု ပုံရိပ်များကား တဖြည်းဖြည်းပီပြင်လာသည်။ နိုင်ငံတော်ကလည်း အားပေးသည်။ ပရိသတ်ကလည်း အားပေးသည်။ မကြာမီ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။ ဖွံ့ဖြိုးလာမည့် အားကစားကဏ္ဍများတွင် လက်ဝှေ့အားကစားလည်း အပါအဝင်ဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေး စခန်းဝင်းအတွင်းရှိ နိုင်ငံတကာအဆင့်မီ လက်ဝှေ့လေ့ကျင့်ရေး အားကစားရုံတွင် လက်ဝှေ့အားကစားသမားများ လေ့ကျင့်နေသည်ဟု ကြားသိရသဖြင့် စာရေးသူ အားကစားရုံ ဆီသို့ ရောက်လာခဲ့သည်။

အားကစားရုံအတွင်းသို့ ဝင်လိုက်သည်နှင့် နိုင်ငံတကာပြိုင်ပွဲအတွက် လေ့ကျင့်နေသော လက်ဝှေ့ အားကစားသမားများအား နည်းပြများက စိတ်ရှည်လက်ရှည် သင်ကြားပေးနေသည့် မြင်ကွင်းကို တွေ့လိုက်ရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❐

နည်းပြများက အားကစားသမားများကို ဤသို့ စနစ်တကျ သင်ကြားပေးလျက်ရှိသည်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လန်ဒန်မြို့၌ လျှပ်စစ်မော်တော်ကားများ စတင်အသုံးပြု။ (စာ - ၄)

အာဂျင်တီးနားနှင့် ဥရုဂွေး ခြေစမ်းပွဲကစား၊ အာဂျင်တီးနား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ။ (စာ - ၁၂)

အဆိုတော် သရုပ်ဆောင် ကာဒါရှန်နှင့် ဘတ်စကက်ဘော သမားတို့ ချစ်ခရီးစတင်။ (စာ - ၁၀)

မှတ်သားဖွယ် မိုးရေချိန်များ

၂၇-၅-၂၀၁၁

သိမ်ဇရပ်မြို့	၃ ဒသမ ၀၃ လက်မ
တောင်ကုတ်မြို့	၁ ဒသမ ၈၉ လက်မ
မအူပင်မြို့	၁ ဒသမ ၇၇ လက်မ
ကျောက်ထုမြို့	၁ ဒသမ ၇၃ လက်မ
သီပေါမြို့	၁ ဒသမ ၆၁ လက်မ
စစ်တွေမြို့	၁ ဒသမ ၅၇ လက်မ